# စည်းကမ်းချက်များ

၁။ မြွေအန္တရာယ်အာမခံထားသူသည် ဤအာမခံသက်တမ်းအတွင်း မြွေအန္တရာယ်ကြောင့် အသက်သေဆုံးပါက အကျိုးခံစားခွင့် ကျပ် (၅) သိန်းတိတိ အကျိုးခံစားခွင့်ရှိသူအား ထုတ်ပေးမည်။

၂။ မြွေကိုက်ခံရခြင်းကြောင့် ဆေးရုံ၊ ဆေးခန်း တက်ရောက်ကုသရခြင်းအတွက် ဆေးဝါးကုသစရိတ် ကျပ် ၈၀၀၀၀/- (ကျပ် ရှစ်သောင်းတိတိ) ထုတ်ပေးမည်။

၃။ မြွေကိုက်ခံရသဖြင့် အသက်မဆုံးရှုံးသော်လည်း မျက်စိနှစ်လုံးစလုံးကွယ်ခြင်း၊ ကိုယ်တစ်ပိုင်းသေခြင်းအမျိုးမျိုးတို့အတွက် ကျန်းမာရေးဌာန၏ ထောက်ခံချက်ဖြင့် အများဆုံး အကျိုးခံစားခွင့် ကျပ် ၂၅၀,၀၀၀/- (ကျပ်နှစ်သိန်းငါးသောင်းတိတိ) အား ထုတ်ပေးရမည်။

၄။ ယင်းတို့မှတစ်ပါး အခြားကိုယ်အင်္ဂါထိခိုက်မှုများအတွက် သူတစ်ပါးထိခိုက်မှုအာမခံနည်းဥပဒေပါ ရာခိုင်နှုန်းအတိုင်း ဆရာဝန်၏ ထောက်ခံချက်ဖြင့် အကျိုးခံစားခွင့် ထုတ်ပေးမည်။

၅။ ဆေးဝါးကုသစရိတ် ထုတ်ပေးသည့်အခါ ထုတ်ပေးသည့်နေ့မှစ၍ မြွေအန္တရာယ်အာမခံလက်မှတ် ထပ်မံထားရှိရန် ပရီမီယံကျပ် ၅၀၀/- နှုတ်ဖြတ်ပြီး ပေးလျော်မည်ဖြစ်သည်။

၆။ မြွေကိုက်ခြင်းမှတစ်ပါး အခြားမည်သည့်အကြောင်းကြောင့်မဆို သေဆုံးခြင်း၊ ကိုယ်အင်္ဂါထိခိုက်အနာတရဖြစ်ခြင်း၊ ဆေးကုသခြင်းတို့အတွက် အကျိုးခံစားခွင့် မရရှိနိုင်ပါ။

၇။ မြွေကိုက်ခံရလျှင် အနည်းဆုံး ကျေးလက်ကျန်းမာရေးဌာနနှင့် တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံများသို့ ပြသရမည်ဖြစ်ပြီး အကျိုးခံစားခွင့်ကို မြွေကိုက်ခံရသည့်နေ့မှ (၆) လအတွင်း ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ကျန်းမာရေးဌာနထောက်ခံချက် အထောက်အထားပြေစာများနှင့်အတူ တင်ပြတောင်းခံရမည်။ သေဆုံးသည့်ကိစ္စတွင်မူ သေစာရင်း ပူးတွဲတင်ပြရမည်။

၈။ မည်သည့်ကိစ္စတွင်မျှ စုစုပေါင်းအကျိုးခံစားခွင့်သည် သေဆုံးခြင်းအတွက် ကျပ်ငါးသိန်း၊ အပိုဒ် (၃) ပါ ကိုယ်အင်္ဂါထိခိုက်မှုအတွက် ကျပ်နှစ်သိန်းငါးသောင်းနှင့် အပိုဒ် (၄) ပါ ထိခိုက်မှုများအတွက် သတ်မှတ်ထားသော ရာခိုင်နှုန်းထက် ကျော်လွန်ခြင်း မရှိစေရ။